*Volume 2 / Issue 3 /March / 2009*

*Enjoy free reading from B.C.F*

# † *Newsletter* - သတင်းလွှာ

**မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်**

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

*Ash Wednesday Prayer:-*

*O Jesus, you place on my forehead*
*the sign of your saving Cross:*
*"Turn from sin and be faithful to the gospel."*

*How can I turn from sin*
*unless I turn to you?*

*You speak, you raise your hand,*
*you touch my mind and call my name,*
*"Turn to the Lord your God again."*

*These days of your favor*
*leave a blessing as you pass on me and all your people.*
*Turn to us, Lord God,*
*And we shall turn to you.*
*Amen.*

Mailing Address - Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605

Phone (562) 944-9091 www. bcfla.org

***Arise and Bright; for your light has come, the glory of the LORD rises upon you.***

## 2009, BCF Official Board Retreat

2009, B.C.F retreat ကို Dr.Charles Ang ၏နေအိမ်၌ 02-14-09 နေ့တွင်၊ 9:00AM-4:00PM အချိန်အထိပြုလုပ်ခဲ့ပါသည်။ ဆရာ၊ဆရာမများနှင့်တကွအမှုဆောင်အဖွဲ့ဝင်များစုံညီစွာတက်ရောက်ပါသည်။

ဆရာလစ်ဗင်းစတုံးဇန်မှအဖွင့်စည်းဝေးကိုအစပြု၍၊အသင်းတော်အတွင်းရေးမှူးနှင့်လူငယ်ဥက္ကဌ၏နှစ်လည်အစီရင်ခံစာ၊ကော်မရှင်(၅)ခု၏ပြန်ကြားစာများကိုတစ်ဖွဲ့စီဖတ်ကြားတင်ပြရာ၊အားလုံးသဘောတူလျက်လက်ခံခဲ့ပါသည်။

BCF မှကျွေးမွေးသောနေ့လည်စာကိုသုံးဆောင်အပြီးတွင်၊ရှေ့လာမည့်နှစ်အတွက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့်အသင်းတော်၏တိုးတက်မှုလုပ်ငန်းများကိုအဖွဲ့ငယ်များခွဲ၍၊အသေးစိတ်ဆွေးနွေးကြပြီး၊ပြန်လည်တင်ပြကာအဆိုပြုရာတွင်ကျေနပ်အားရစွာထောက်ခံလျက်အတည်ရယူသည်။

ဆရာမဆိမူရှိန်၏ဆုတောင်းခြင်းဖြင့်အစီအစဉ်ကိုအောင်မြင်စွာရုတ်သိမ်းပါသည်။

အိမ်ရှင်၏ဧည့်ဝတ်ကျေပွန်ခြင်းနှင့်အတူနံနက်စာအတွက်အထူးကျေးဇူးတင်ပါသည်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## BCF Youth & Young Adult Retreat

Zarni Shinn ၏နေအိမ်၌ 2009, BCF Youth & Young Adult Retreat ကို 02-07-09, 5:00PMတွင်ပြုလုပ်ခဲ့ပါသည်။အကြံပေးလူကြီးများနှင့်တကွအမှုဆောင်အဖွဲ့ဝင်များစုံညီစွာ(၂၄)ယောက်တက်ရောက်ကြပါသည်။Saya Tom Wan ၏ဆုတောင်းခြင်းဖြင့်အစီစဉ်ကိုအစပြုပါသည်။

လူငယ်ဥက္ကဌ Zarni Shinn ၏နှစ်ချုပ်အစီရင်ခံစာ၊ကော်မတီများ၏ပြန်ကြားစာတို့ကိုဖတ်ကြားပြီး၊ဘဏ္ဍာထိန်း၏ငွေစာရင်းရှင်းတမ်းတင်ပြရာတွင်လည်းကန့်ကွက်သူမရှိ၊အားလုံးသဘောတူလျက်လက်ခံခဲ့ပါသည်။

ရှေ့လာမည့်နှစ်အတွက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့်ဝင်ငွေမြှင့်တင်ရေး၊ချီမွမ်းကိုးကွယ်ခြင်းနှင့်ဝတ်ပြုစည်းဝေးအစီအစဉ်များတွင်ဆက်ကပ်ပါဝင်ခြင်းအပြင်ရှေ့လာမည့်နှစ်အတွက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကိုတင်ပြဆွေးနွေး၍၊ပြင်ဆင်မွန်းမံခါ၊ဘုရားရှင်၏ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်အတူ Pearl H. Saw မှဆုတောင်းဆက်ကပ်အပြီးတွင်၊အားသစ်လောင်း Retreat အစီအစဉ်ကိုအောင်မြင်စွာရုတ်သိမ်းပါသည်။

ငယ်ရွယ်သူလူငယ်များအားပံပိုး၍ပို့ဆောင်ပေးကြသောမိဘများအားအထူးကျေးဇူးတင်ရှိပါသည်။ ဦးကြည်ရှင်း၏မိသားစုမှတည်ခင်းသောညစာကိုသုံးဆောင်ရသည့်အတွက်အထူးကျေးဇူးတင်ရှိပါကြောင်း။ ။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# "Just a Little Ashes"

Just a little ashes that's all it is.
What are ashes?
They are the product of burning something away.
They are what are left over after fire passes over or through something.
They are the waste after the heat and light are gone.

Why do we put ash on our foreheads on Ash Wednesday?
Where did this strange tradition come from and what does it mean?
First of all these ashes are a reminder of who we are. The Bible tells us that we came from the dust and to the dust we shall return. The first human was molded out of dust of the earth by God and then God breathed life into that dust. Without the breath or Spirit of God we are just like these ashes, it means lifeless.

These ashes are also a sign of repentance. Lent is a time of mourning our sins. It is a time when we are called to repent and change our ways. In Bible times it was common for people who were mourning to dress in sackcloth and put ashes on their heads.

Why do we put a cross on the forehead?
It is a sign that we are sealed for Christ.
The cross of ashes is also a reminder of the mark of the lamb in Revelation.
In the book of revelation it tells of an angel marking the faithful before the tribulation. These faithful would then be protected. The mark was a mark of ownership. It is also important that we use palm branches to make these ashes. The palms are a symbol of victory. So our victories are ashes before the glory of God.

These may be just a few ashes but they mean a lot.
They are a symbol of our need for God.
We are nothing but dust and ashes apart from God. They are also a symbol of our repentance and mourning. They are a way of showing on the outside what is happening on the inside. We are truly sorry and mournful for the evil and hurtful this we have done.

Yet in the midst of our repentance we are forgiven and marked as Christ's own. The very burning away of our sin by the fire of God's love and as His own we are stamped and certified as children of God through the cross.

So as you come today to have the sign of the cross placed on your foreheads rend your hearts. Repent of those vain glories. And accept the grace and forgiveness that marks you as a redeemed child of God.

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# အမေး နှင့် အဖြေ

မေး။ ။2009, Ash Wednesday ကိုအချို့က Febuary $25^{th}$, အချို့က March $04^{th}$ လို့ ပြောကြတာ၊ ဘယ်နေ့ကအမှန်ဖြစ်ပါသလဲ။ ဘယ်လိုရေတွက်ပါသလဲ။ ရှင်းပြပါ။

ဖြေ။ ။2009, Ash Wednesday မှာ February $25^{th}$ ကအမှန်ဖြစ်ပါသည်။
2009, Easter Sunday သည် April $12^{th}$ ဖြစ်ပါသည်။
ဝါတွင်းအဝင် Ash Wednesday သည်ခရစ်ယာန်ဘာသာဝင်တို့၏ဝါတွင်းဥပုသ်ကာလ၊ ပထမမြောက်နေ့ရက်ဖြစ်သည်။သခင်ယေရှုခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူရာနေ့– Easter Sundayမတိုင်မီရက်ပေါင်း(၄၀)အတွင်းအနီးကပ်ဆုံးဗုဒ္ဓဟူးနေ့ကိုသတ်မှတ်၍၊ အစွဲပြုထားသည်။ပြက္ခဒိန်ရက်အတိအကျ၊သတ်မှတ်မှုမရှိရခြင်းမှာ၊ Easter Sunday ပေါ်မူတည်၍ပြောင်းလဲနေရခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်မှသံလွင်ခက်ဥပုဒ်တော်နေ့ Palm Sunday တွင်အောင်မြင်မှုအထိမ်းအမှတ်အဖြစ်ယူဆောင်လာကြသောသံလွင်ခက်များနှင့်စွန်ပလွန်ခက်များကိုဘုရားဝတ်ပြုစည်းဝေးအပြီးတွင်စုပုံမီးရှို့၍၊ရရှိသောပြာကိုသန့်ရှင်းသောပြာHoly ashes အဖြစ်စုသိမ်းထားပြီး၊ရှေ့လာမည့်နှစ်Ash Wednesdayတွင်ဝတ်ပြုစည်းဝေးကျင်းပရာပွဲတော်သို့တက်ရောက်လာသူများ၏နဖူးတွင်အသင်းတော်ဘုန်းတော်ကြီးမှထို Holy ashes ဖြင့်လက်ဝါးကားတိုင်ပုံရေးဆွဲ ကာကောင်းကြီးပေးခြင်းနှင့်အတူ(ကမ္ဘာ၊၃း၁၉)သင်သည်မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ပြန်ရမည်ဟုဆိုထားသောဘုရားသခင်၏မိန့်တော်မူချက်ကိုပြန်လည်အမှတ်ရစေရန်အသိပေးပါသည်။
ယခင်ကတည်းက Roman Catholic အသင်းတော်များသည်ဝါတွင်းဥပုသ်တော်နေ့ရက်များကိုနှစ်စဉ်ကျင်းပမြဲဖြစ်သည်။ယခုအခါ၊ခရစ်ယာန်ဂိုဏ်းဂဏ္ဍအသီးသီး၏အသင်းတော်များမှာမွန်မြတ်သန့်ရှင်းသောဤဥပုသ်တော်ဝါတွင်းကာလကိုအလေးထားကာလုပ်ဆောင်လာကြပါသည်။ဘုရားသခင်၏မေတ္တာတော်၊သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်၏စောင့်မခြင်းကိုဦးထိပ်ထားလျက်၊ဆုတောင်းပွဲများ၊အပြစ်ဝန်ချခြင်း၊သမ္မာကျမ်းစာဖတ်ခြင်း၊အစာရှောင်ခြိုးခြံခြင်း၊ပွဲတော်မင်္ဂလာဝတ်ပြုခြင်း၊ဗတ္တိဇံခံယူခြင်း၊အလှူဒါနပြုခြင်း၊ကူညီမစခြင်း၊ပေးကမ်းစွန့်ကြဲခြင်းစသည်တို့လုပ်ဆောင်ခြင်းဖြင့် ဝါတွင်းဥပုသ်ကာလ (Lent)ကိုသန့်ရှင်းစေပါသည်။(ယောလ၊၂း၁၂–၁၆)

ဝါတွင်းကာလ၏ဥပုသ်ပွဲတော်များမှာ၊–
၁။ဝါဝင်ဗုဒ္ဓဟူးနေ့၊(Ash Wednesday)
၂။သံလွင်ခက်တနင်္ဂနွေနေ့၊(Palm Sunday)
၃။ဖမ်းဆီးခံရကြာသာပတေးနေ့၊(Maundy Thursday)
၄။သောကြာကြီးနေ့၊(Good Friday)
၅။ရှင်ပြန်ထမြောက်တော်မူရာနေ့၊(Easter Sunday) တို့ဖြစ်ပါသည်။
ယေရှုခရစ်တော်အားဖြင့်ဘုရားသခင်၏ကျေးဇူးတော်နှင့်ကျေးဇူးတော်၏အကျိုးသည်လူများတို့၌သာ၍ကြွယ်ဝပြည့်စုံ၏။ငါတို့သခင်ယေရှုခရစ်ပြုစုတော်မူသောကျေးဇူးတရားသည် ထာဝရအသက်နှင့်ယှဉ်သောဖြောင့်မတ်ရာသို့သွင်းခြင်းအားဖြင့်အစိုးရလေအံ့သတည်း။
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~